# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 9 , 2023 Volume 66, Number 5

၉.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၃.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၉.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၃၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧပြီလကုန်သွယ်မှု ယခင်နှစ်ကာလတူထက် ပိုမိုဆောင်ရွက်

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ်၊ ဧပြီလအတွက် ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် ၁၄ ဒေါ်လာသန်း၊ သွင်းကုန် ၁၁ ဒေါ်လာသန်း၊ ကုန်သွယ်မှု ပမာဏ ၂၅ ဒေါ်လာသန်းဖြစ်ပြီး ပို့ကုန် ၁၀.၅၇ ဒေါ်လာသန်း၊ သွင်းကုန် ၃၈.၁၈၅ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၄၈.၇၅၅ ဒေါ်လာသန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၉၅.၀၂၀% ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ၅.၉၉၅ ဒေါ်လာသန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် ၃၁.၇၇၃ ဒေါ်လာသန်းပိုမိုခဲ့သောကြောင့် ကုန်သွယ်မှု ပမာဏအနေဖြင့် ၃၇.၇၆၈ ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ယခင်ကာလတူနှင့်နှိုင်းယှဉ်ပါက ဆန်ကွဲ၊ ပြောင်း၊ ပဲလွန်းဖြူ၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ မြေပဲဆန်၊ ထောပတ်ပဲ၊ နိုင်လွန်ပဲ၊ နှမ်းနက်၊ လက်ဖက်ခြောက်၊ နံ့စားပြောင်း၊ ဇီးဖြူသီးခြောက်၊ ဂျင်း(စို)၊ ရော်ဘာကြမ်း၊ ငရုတ်သီး(အစို)၊ ဝဥ (ခြောက်)၊ ဝါ၊ ကြက်သွန်နီ၊ ရှမ်းနမ်းစေ့၊ ကြက်ဆူဆီ၊ သတ္တုနှင့်သတ္တုရိုင်း၊ မြန်မာဘီယာပုလင်းတို့ တင်ပို့မှုပိုမိုခဲ့သဖြင့် ပို့ကုန်တင်ပို့မှု ပိုမိုရခြင်းဖြစ်သည်။

ယခင်ကာလတူနှင့်နှိုင်းယှဉ်သုံးသပ်ရာ၌ သွင်းကုန်ပိုင်းတွင် ပိုမိုခဲ့ခြင်းမှာ ရင်းနှီးမြှုပ်နှံမှုအုပ်စု၊ လုပ်ငန်းသုံးအုပ်စုနှင့် လူသုံးအုပ်စုတို့ ပိုမိုခဲ့ခြင်းကြောင့် တင်သွင်းမှုပိုခဲ့ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှစ၍ ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည် ဆောင်ရွက်လာနိုင်ခဲ့သည်။ ဒုတိယ (၆)လပတ်ကာလ အောက်တိုဘာလမှစ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ခဲ့သဖြင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများ တိုးတက်လာခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94% E1% 80%B1%E1% 80%AC%E1%80%80%E1%80%BA%E1%80%86% E1%80% AF% E1%80%B6% E1%80%B8%E1%80%9B–

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်မှ မေလ ၅ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ

၃၇၃၂၇၉.၇၁ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၉၄၂၇၇၃ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ နှမ်းနက်၊ ဖရဲသီး၊ ဆန်ကွဲနှင့် ရွှေဖရုံသီးများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၆၂၀၅၃၃.၇၁ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၂၅၂၇၄၆.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ ဓါတုဗေဒချည်ခင်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ထွန်စက်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတုနှင့် Empty Cargo Container 45' Feet များ တင်သွင်းမှုရှိခဲ့ပါသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၁၆၅၃၅.၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၇၂၆၂၃၈.၀၀ တင်သွင်းမှုရှိခဲ့ပါသည်။ မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၂၉ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၃.၉၅ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇဟိုဌာန**

## ရုရှားပင်လယ်စာ ဂျပန်တင်သွင်းမှု စံချိန်တင်များပြား



https://www.foodindustrydirectory.com.mm

ဂျပန်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ရုရှားနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ ယန်း ၁၅၅.၂ ဘီလီယံဖိုး စံချိန်တင်တင်သွင်းခဲ့ကြောင်း ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ယူကရိန်းစစ်ပွဲအတွင်း ရုရှား-ဂျပန် နှစ်နိုင်ငံအကြား ဆက်ဆံရေး ယိုယွင်းနေသော်လည်း ပင်လယ်စာအတွက် ရုရှားအပေါ် ဂျပန်က ဆက်လက်မှီခိုအားထားမှုကို မီးမောင်းထိုးပြနေပါသည်။

ယမန်နှစ် ယူကရိန်းကို ရုရှားကျူးကျော်ပြီးနောက် ဂျပန်နိုင်ငံသည် ဗော့ဒ်ကာနှင့် သစ်ခွဲသားတင်သွင်းမှု ပိတ်ပင်ခြင်းအပါအဝင် ရုရှားအပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ သို့သော် ရေထွက်ကုန်ပစ္စည်းများကို ကင်းလွတ်ခွင့်ပေးထားသည်။ ယခင်စံချိန်ဟောင်းမှာ ၂၀၁၈ ခုနှစ်တွင် ရုရှားနိုင်ငံမှ ရေထွက်ပစ္စည်း ယန်း ၁၄၀.၂ ဘီလီယံဖိုးကို ဂျပန်နိုင်ငံမှ တင်သွင်းခဲ့ခြင်းဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် ဂျပန်တွင် စားသုံးသည့် ပင်လယ်စာများ၏ ၄၀% ဝန်းကျင်ကို ရုရှားထံမှ တင်သွင်းသည်။

၂၀၂၂ ခုနှစ်တွင် စုစုပေါင်းတန်ဖိုးအရကြည့်လျှင် ဂျပန်သည် ပင်လယ်စာကို ချီလီထံမှ အများဆုံးတင်သွင်းသည်။ အမေရိကန်ထံမှ ဒုတိယ အများဆုံးတင်သွင်းသည်။ ရုရှားထံမှ တတိယ အများဆုံးတင်သွင်းသည်။ ရုရှားမှ တင်သွင်းသောရေထွက်ကုန်ပစ္စည်းများကို အမျိုးအစားအရကြည့်လျှင် နှင်းဂဏန်း snow crab သည် စုစုပေါင်းတန်ဖိုး အများဆုံးဖြစ်ပြီး ယန်း ၃၂.၆ ဘီလီယံဖိုး တင်သွင်းခဲ့သည်။

**Source: kyodo news**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6140-snow-crab.html

## UMFCCI MSME FAIR 2023 ပြပွဲတွင် ပြခန်းပေါင်း ၁၂၀ ကျော်ပါဝင်၊ စိတ်ပါဝင်စားသူ (၁၀၀၀)ကျော် တက်ရောက်

ကုန်သည်စက်မှုအသင်းချုပ်မှ စီစဉ်သည့် UMFCCI MSME Fair 2023 ကို ရန်ကုန်မြို့ LOTTE HOTEL တွင် ပြခန်းပေါင်း ၁၂၀ ကျော်ဖြင့် ခင်းကျင်းပြသခဲ့ပြီး စိတ်ပါဝင်စားသူ (၁၀၀၀) ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ MSME ပြပွဲ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဈေးကွက်အခွင့်အလမ်းများရရှိရေးနှင့် အခွင့်အလမ်းရှိသော ဈေးကွက်ရှာဖွေပေးနိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ဘဏ္ဍာရေးလိုအပ်ချက်များ အဖြေရှာပေးခြင်း၊ နည်းပညာလိုအပ်ချက်များကို ပံ့ပိုး ပေးခြင်းအပြင် ရရှိနိုင်ရန်ချိတ်ဆက်ပေးခြင်းနှင့် ပြည်တွင်းပြည်ပစီးပွားရေးကွန်ရက်များကို တိုးချဲ့တည်ဆောက်ပေးခြင်း စသည်တို့ပါဝင်ကြောင်း သိရသည်။

ယင်းအပြင် MSME လုပ်ငန်းလုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းစတင်ရန် ကြိုးစားနေ သူများ၊ ရေရှည်ရပ်တည်နိုင်မည့် မဟာဗျူဟာမြောက်လုပ်ငန်းများတွင် လိုအပ်သောအသိပညာကို ရှာဖွေစုဆောင်း နေသူများအတွက် အခွင့်အလမ်းများရရှိစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို မေလ (၇) ၊ (၈) ရက် နှစ်ရက်တာ ကျင်းပပြုလုပ်ပြီး ပြပွဲတွင် ပြခန်းပေါင်း ၁၂၀ ကျော် ပါဝင်ပြသလျက်ရှိကာ MSME လုပ်ငန်းရှင်များ၏ ပြည်တွင်းဖြစ် ထုတ်ကုန်ပစ္စည်းများဖြစ်သော စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် အလှဆင်ပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ လက်မှုအနုပညာပစ္စည်းများ၊ မြန်မာတိုင်းရင်းဆေးဝါးများစသည်တို့ကို ခင်းကျင်း ပြသလျက်ရှိသည်။

ပြပွဲကြီးတွင် ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ နည်းပညာရှင်၊ အတတ်ပညာရှင်များ၏ အသိပညာ ဗဟုသုတများမျှဝေပေးမည့် စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များလည်းပါဝင်ပြီး MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန် ပစ္စည်းများအလိုက် ပစ္စည်းများခင်းကျင်းပြသမှု၊ တီထွင်ဆန်းသစ်မှု၊ ထုတ်ပိုးမှုပုံစံ၊ Customer Service ဝန်ဆောင်မှုအပေါ် မူတည်၍ MSME Outstanding Awards ဆုချီးမြှင့်မည့် အစီအစဉ်များ၊ MSME ဒီဇိုင်းနာများ၏ ပြည်တွင်းဖြစ်အထည်များဖြင့် ဖန်တီးချုပ်လုပ်ထားသော ဒီဇိုင်းများကို ဝတ်ဆင်ပြသသွားမည့် Fashion Show အစီအစဉ်များလည်းပါရှိကြောင်း သိရသည်။

**Source: Popular News Journal**

## အိန္ဒိယနိုင်ငံတွင် ပဲလိုအပ်ချက်များသည့်အတွက် ပြည်တွင်းပဲဈေးမြင့်တက်နေ




အိန္ဒိယနိုင်ငံတွင် ပဲလိုအပ်ချက်ရှိနေသည့်အတွက် ပဲဈေးများမြင့်တက်နေကြောင်း ဈေးကွက်မှသိရပါသည်။ ပြည်တွင်းပဲများကို အိန္ဒိယဈေးကွက်တခုကိုသာ အဓိကထား တင်ပို့နေခြင်းဖြစ်ပြီး ပြည်တွင်းပဲဈေးနှုန်း ကျဆင်းခြင်းနှင့်မြင့်တက်ခြင်းသည် အိန္ဒိယ နိုင်ငံနှင့် တိုက်ရိုက်သက်ဆိုင်လျက်ရှိသည်။

ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ပဲအထွက်နှုန်းနည်းခဲ့၍ ပဲလိုအပ်ချက်ရှိကာ မြန်မာ နိုင်ငံမှ ပဲများအား ဝယ်ယူလျက်ရှိ၍ ပဲဈေးများ မြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ပြည်တွင်းတွင်လည်း ပဲအထွက်နှုန်းနည်းနေသည့်အတွက် အရောင်း အဝယ် ဖြစ်ကာ ဈေးနှုန်းမြင့်လာခြင်းဖြစ်ကြောင်းလည်း သုံးသပ်ကြသည်။ “ပဲဈေးတွေ တက်နေ တယ်။ ပဲဈေးတက်က အဓိက အိန္ဒိယလိုအပ်ချက်ရှိလို့ပါ။ ပဲအထွက်နှုန်းနည်းခဲ့တယ်။ ပြည်တွင်း အထွက်နှုန်းမှာလဲ ပဲစင်းငုံက လုံးဝလျော့တယ်။ တန်ချိန် တစ်သိန်းခွဲ နှစ်သိန်းလောက်ပဲထွက်တယ်၊ မတ်ပဲလည်းလျော့တယ်။ မနှစ်ကအခံနဲ့မှ တန်ချိန် ၄ သိန်းလောက်ပဲရှိမယ် ” ဟု အောင်လံမြို့ ကုန်စည်ဒိုင်မှ ပဲကုန်သည် ဦးအောင်မိုးကပြောသည်။

ယခင်က မတ်ပဲတစ်တန်လျှင် ၁၈သိန်းသာရှိခဲ့ပြီး လက်ရှိတွင် သိန်း ၂၀ နှင့် ၇ သောင်းအထိ ပြန်တက်လာခြင်း ဖြစ်ကြောင်းသိရသည်။ ယင်းအပြင် လက်ရှိပဲစင်းငုံ တစ်တန်လျှင် ၂၄ သိန်း ၇ သောင်း ၅ ထောင်အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

လက်ရှိ အိန္ဒိယက ပဲတင်သွင်းမှုကို အခွန်ကင်းလွတ်ခွင့်ပေးထားခြင်းဖြစ်ကြောင်း ကုန်သည်များကပြောသည်။ “တင်ပို့မှု အခြေအနေက အိန္ဒိယက တောက်လျှောက်ဝယ်နေတာပဲ၊ ဒီကြားထဲ ဒီဘက်က မရောင်းနိုင်ဘူးဖြစ်နေတာတွေရှိတယ်။ ဒါကြောင့် ပဲမျိုးစုံက အကုန်တက်မှာ ” ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ပြည်ပပေါက်စျေး FOB အနေဖြင့် မတ်ပဲတစ်တန်လျှင် ဒေါ်လာ ၉၁၀ မှ ၉၁၅ ထိရှိပြီး ပဲစင်းငုံတစ်တန်လျှင် ဒေါ်လာ ၁၀၁၀မှ ၁၀၂၀ ကျော် ထိရှိကြောင်း သိရသည်။ အိန္ဒိယအနေဖြင့် ပြည်တွင်းမတ်ပဲထက် ပဲစင်းငုံကို ပိုမိုဝယ်ယူလျက်ရှိကြောင်း သိရသည်။

အကြောင်းအမျိုးမျိုးကြောင့်ပြည်ပသို့ ပဲတင်ပို့မှု ယခင်နှစ်များနှင့်ယှဉ်ပါက ထက်ဝက်ကျဆင်းလျက်ရှိကြောင်း ပဲကုန်သည်များထံမှသိရသည်။ ယခုနှစ်တွင် ပဲစင်းငုံတန်ချိန် တစ်သိန်းခွဲနှင့်မတ်ပဲတန်ချိန် တစ်သိန်းကျော်အထိ တင်ပို့ပြီးသွားပြီဖြစ်ကြောင်း သိရသည်။

**(AMIA)**

**Source:** https://t.me/htwettoe

## တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှု (၇) လဆက်တိုက်ကျဆင်းခဲ့

၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အတွင်း ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန် တင်ပို့မှု ကျဆင်းခဲ့ပါသည်။ နိုင်ငံ၏ အဓိကပို့ကုန်ဖြစ်သည့် ချစ်ပ်ပြား (Chips) များ ဈေးနှုန်းနှင့် ပြည်ပမှဝယ်လိုအား ကျဆင်းခြင်းတို့ကြောင့် ပို့ကုန်တင်ပို့ပမာဏ ကျဆင်းခြင်းဖြစ်ကြောင်း၊ ယင်းသို့ တင်ပို့မှုကျဆင်းသည်မှာ (၇) လဆက်တိုက်ရှိပြီဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ၁-၅-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလအတွက် ပို့ကုန်တင်ပို့မှုဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၄၉.၆) ဘီလီယံသာရရှိခဲ့သဖြင့် ယခင်နှစ်အလားတူကာလက တင်ပို့ခဲ့သည့်ပမာဏနှင့် နှိုင်းယှဉ်လျှင် ၁၄.၂ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ပို့ကုန်တင်ပို့မှုသာမက သွင်းကုန်တင်သွင်းမှုလည်း ကျဆင်းခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် သွင်းကုန်တင်သွင်းမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၅၂.၃၃၃) ဘီလီယံရှိရာ ယခင်နှစ်ကာလတူထက် (၁၃.၃) ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်းနှင့် (၂.၆၂) ဘီလီယံ ကုန်သွယ်မှုလိုငွေပြခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ၁-၅-၂၀၂၃ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း ကားတင်ပို့မှု ၄၀.၃ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး သင်္ဘောများတင်ပို့မှုသည်လည်း ၅၉.၂ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ သို့သော် Chips များ တင်ပို့မှု ၄၁ ရာခိုင်နှုန်းကျဆင်းခဲ့သည့်အပြင် Display နှင့် စတီးလ်ပစ္စည်းများတင်ပို့မှုသည်လည်း ၂၉.၃ ရာခိုင်နှုန်းနှင့် ၁၀.၇ ရာခိုင်နှုန်းစီ အသီးသီးကျဆင်းခဲ့ပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံသာမက ဂျပန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည်လည်း ပို့ကုန်တင်ပို့မှုကျဆင်းပြီး ကုန်သွယ်မှုလိုငွေပြမှုကို ကြုံတွေ့နေရကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ပို့ကုန်တင်ပို့မှုမြင့်မားလာစေရေး အထောက်အပံ့ပေးမည့် အစီအစဉ်များကြောင့် တင်ပို့မှုနှင့်တင်သွင်းမှုအကြား ကွာဟချက်သည် တစ်ဖြည်းဖြည်း လျော့နည်းလာမည်ဖြစ်ပါကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် အဆင့်မြင့်နည်းပညာကဏ္ဍများတွင် ကာလလတ်မှ ရေရှည်ကာလအထိ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ထားပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုမြှင့်တင်ရေးအတွက်လည်း အမျိုးမျိုးသော အစီအစဉ်များရေးဆွဲထားပါကြောင်း၊ နှစ်နိုင်ငံအပြန်အလှန်လေ့လာရေးခရီးစဉ်များအပြင် အဆင့်မြင့်လူသုံးကုန်များ တင်ပို့မှုအတွက် အထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ပါကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဌာနခွဲအကြီးအကဲမှ ပြောကြားခဲ့ပါသည်။

**(စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_090520231053

## ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း သဘောတူညီမှု ၃ ခုရရှိရန် မျှော်မှန်းထား

ထိုင်းနိုင်ငံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်အတွက် ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအဖွဲ့ (European Free Trade Association -Efta)၊ သီရိလင်္ကာနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (the United Arab Emirates-UAE) တို့နှင့် ဆွေးနွေးဆဲဖြစ်သော လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် (FTA) များကို လာမည့်နှစ်လယ်ပိုင်းတွင် အပြီးသတ်

ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကုန်သွယ်မှုညှိနှိုင်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mrs. Auramon Supthawee–thum က ပြောကြားလိုက်ပါသည်။

အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံတို့နှင့် ချိတ်ဆက်လျက်ရှိသော တောင်အာရှရှိ သီရိလင်္ကာနိုင်ငံသည် တည်နေရာအားဖြင့်ကောင်းမွန်ပြီး စီးပွားရေးအရ ကြီးထွားလျက်ရှိပါကြောင်း၊ Efta သည် အိုက်စလန်၊ လစ်ချ်တင်စတိန်း၊ နော်ဝေနှင့် ဆွစ်ဇာလန်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသောကြောင့် Thai–Efta FTA သည် ထိုင်းနိုင်ငံ၏ ကုန်သွယ်မှုကို စဉ်ဆက်မပြတ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဖြစ်ကြောင်း ၎င်းကဆိုပါသည်။

Efta သည် ထိုင်းနိုင်ငံအတွက် အဆင့် ၁၄ ရှိသော အကြီးမားဆုံးသော ကုန်သွယ်ရေးမိတ်ဖက်ဖြစ်ပါကြောင်း၊ နှစ်စဉ် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၉.၈၅ ဘီလီယံရှိကြောင်း၊ ထိုင်းနိုင်ငံ၏ အရှေ့အလယ်ပိုင်းဒေသတွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၀.၈ ဘီလီယံဖြင့် ထိပ်ဆုံးမှရပ်တည်လျက်ရှိသော UAE နှင့် ဆွေးနွေးခြင်းသည် ပထမဆုံး FTA ဖြစ်ပါကြောင်း၊ UAE သို့ မော်တော်ကားများ၊ လေအေးပေးစက်များနှင့် အစိတ်အပိုင်းများ၊ ကျောက်မျက်ရတနာနှင့် သစ်သားများတင်ပို့လျက်ရှိပြီး UAE မှ ရေနံစိမ်း၊ သန့်စင်ပြီးဆီ၊ သဘာဝဓာတ်ငွေ့၊ အခြားသော ဓာတုသတ္တုပစ္စည်းများ၊ သတ္တုအပိုင်းအစများနှင့် ထုတ်လုပ်သော ပစ္စည်းများ တင်သွင်းလျက်ရှိကြောင်း Mrs. Auramoon ၏ ပြောကြားချက်အရ သိရှိရပါသည်။

အာဆီယံ–ဩစတြေးလျ–နယူးဇီလန် FTA ကို လာမည့်နှစ်လယ်ပိုင်းတွင် အဆင့်မြှင့်တင်သွားရန်မျှော်လင့်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားပါသည်။

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

**Source:** www.bangkok.gov

https://myantrade.gov.mm/article/Naypyitawstp_090520231018

## STOCK EXCHANGE (9.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 27,195 (Shares) | 68,854,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 3 | 24,600 | 33,109,694 | 271,500 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 2,552 | 7,273,200 | 38,929,150 | 110,948 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 4,045 | 5,865,250 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 505 | 1,262,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 73 | 186,150 | 19,977,223 | 50,942 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,900 | 4,900 | 4,800 | 17 | 83,000 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 9th May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.47 | -0.60 | -0.17% | 359.07 | 359.07 | 358.47 | 7,195 | 14,694,700 | 7 | 631,658 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th May, 2023

| Trading Volume | Trading Value |
|---|---|
| 27,195 (Shares) | 68,854,700 (MMK) |

### Main Board

As of 1:00 pm, 9th May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 27,195 (Shares) | 68,854,700 (MMK) |

| MYANPIX | 358.47 ▼ 0.60 |
|---|---|
| Total Volume (shares) | 7,195 |
| Total Value (MMK) | 15 mil |
| Listed Company | 7 |
| Market Cap. (MMK) | 631,658 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |

TIR